## အဲဒီမြို့ထဲ

နှင်းရိပ်နွေ

အဲဒီမြို့ထဲ
အရင်လိုလီလီပန်းတွေသမ်းလိုက်တော့
ခံတွင်းကသွေးညှီနံ့ထောင်းထောင်းထနေပြီ။

အဲဒီမြို့ထဲ
အိုကြီးအိုမခရစ်ယာန်ဘုရားကျောင်းကို
ဗားရှင်းပြောင်းထားတဲ့ ချွေးတပ်စခန်းဟာ
အီကွေတာပလပ်မဖြုတ်မချင်း
အနိဋ္ဌာရုံတွေတစ်ခွေပြီးတစ်ခွေ
ထဖွင့်တတ်တယ်။

သားသတ်သမားဝိုင်းက
အမင်္ဂလာသီချင်းလိုက်ရွတ်သံဟာလည်း
နားထဲမသတီစရာဇွတ်တိုးဝင်လာပြန်တယ်။

ဒရုန်းဂီတဆိုလား။
ရှုကလီးယားအနုပညာဆိုလား။

သည်လိုနဲ့ပဲကပ်သုံးပါးခွက်လဲမူးလို့
သွန်ချခံလိုက်ရတဲ့ဘဝတွေထဲ
အဲဒီမြို့ရဲ့လူအခွင့်အရေး....
အဲဒီမြို့ရဲ့.....
အဲဒီမြို့ရဲ့....
အားလုံးဟာ တစ်စက်ချင်းဖိတ်စင်သွားခဲ့ပေါ့။

အဲဒီမြို့ထဲ

သံချပ်ကားတွေဖြတ်နင်းလာတာဟာ
လမ်းချိုင့်ခွက်တွေလား...
လူတွေရဲ့ဘဝတွေလား...

အဲဒီမြို့ထဲ
ကျောမွဲဖာသာကြီးလက်မှာကိုင်ထားတာဟာ
သမ္မာကျမ်းစာတစ်အုပ်လား...
ပေါင်မုန့်မှိုစွဲတစ်ချပ်လား...

အဲဒီမြို့ထဲ
သားသည်မိခင်တစ်ယောက်အော်ညည်းနေတာဟာ
တေလာဆွစ်ဖ်ရဲ့လော့ဗ်စတိုရီလား။
သခင်ယေရှုရဲ့နာမတော်လား။

အဲဒီမြို့ထဲ....
စစ်လမ်းညွှန်မြေပုံပေါ်ကအဲဒီမြို့ထဲ...
ရက်စက်မှုတွေမိုးဦးကျနေတဲ့အဲဒီမြို့ထဲ...
လီလီပန်းတွေသွေးအလိမ်းလိမ်းထနေတဲ့အဲဒီမြို့ထဲ...